
စိတ်ကူးချိုချိုအနုပညာ

# ရွှေဥဒေါင်း

# စုံထောက်ဝတ္ထုရေးနည်း



mgyoe.com

လူတို့သည် ဗဟုသုတအလို့ငှာဖြစ်စေ၊ အပျင်းပြေရန်ဖြစ်စေ၊ စိတ်ထဲ၌ မရိုးမရွဖြစ်၍ တုန်လှုပ်ချောက်ချားခြင်းကို ရစေရန်ဖြစ်စေ၊ တွေးတောဆင်ခြင်တတ်သည့် ဉာဏ်ကျက်စားရန်ဖြစ်စေ အမျိုးမျိုးသော ဝတ္ထုများကို စီရင်ရေးသားခဲ့ကြသည်ဖြစ်ရာ ၎င်းတို့အနက်၌ စုံထောက်ဝတ္ထုသည်ကား အဆိုပါအခြင်းအရာ အားလုံးတို့နှင့် အကျုံးဝင်သည့်အပြင် ဖတ်ရှုသူတို့၏ ချင့်ချိန်နိုင်းဆ တိုင်းထွာဆင်ခြင်ခြင်းတည်းဟူသော ဉာဏ်ကို အများဆုံး အသုံးပြုရသော ဝတ္ထုမျိုးဖြစ်ချေသည်။ ယင်းသို့ဖြစ်ရကား အလွမ်းအသောတည်းဟူသော အရသာကို သက်သက်စည်းစိမ်ခံစားလို၍ ဉာဏ်ဦးနှောက်ကို အသုံးမပြုလိုသော စာဖတ်သူအတန်းအစားမျိုးသည် စုံထောက်ဝတ္ထုများကို နှစ်သက်မြတ်နိုးခြင်း မရှိတတ်ဘဲဖြစ်ရာ ဉာဏ်ကျက်စားလိုသော သူတို့အဖို့မှာမူ စုံထောက်ဝတ္ထုများ၏ အနီးသို့ချဉ်းကပ်နိုင်သည့် အခြားဝတ္ထုမျိုးဟူ၍ မရှိသလောက်ပင် ဖြစ်ချေသည်။

# ရွှေဥဒေါင်း

## စုံထောက်ဝတ္ထုရေးနည်း

ISBN 9789997117281

SOD73

9 789997 117281

500.00 KS

mgyoe.com

စုံထောက်ဝတ္ထုရေးနည်း၊ ရွှေဥဒေါင်း
မျက်နှာဖုံးဒီဇိုင်း - unsplash image
စာမျက်နှာ ၅၃ + မျက်နှာ၊ ၁၀ · ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

နှစ် ၂၀ ပြည့် အမှတ်တရစာမွန်

# စုံထောက်ဝတ္ထုရေးနည်း

ရွှေဥဒေါင်း

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## စုံထောက်ဝတ္ထုရေးနည်း

၁။ စုံထောက်ဝတ္ထုများ၏ အတ္ထုပ္ပတ္တိ ၁
၂။ စုံထောက်၏ အရည်အချင်းများ ၁၃
၃။ စုံထောက်ဝတ္ထု ဆင်နည်းအကြောင်း ၂၁
၄။ စုံထောက်ဝတ္ထု အမျိုးမျိုး ၂၈
၅။ စုံထောက်ပညာ၏ ဥပဒေကြီးနှစ်ရပ် ၃၁
၆။ ဇာတ်လမ်းသင်နည်း ၃၃
၇။ ရှေ့ဥဒေါင်းနှင့် စုံထောက်ဝတ္ထု ၄၁



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁၉၃၅ တစ်ဝိုက် သူရိယမဂ္ဂဇင်းများမှ
စုဆောင်းရရှိသော ဆရာကြီးရွှေဥဒေါင်း၏
"စုံထောက်ဝတ္ထုရေးနည်း" ဆောင်းပါးများကို
စုစည်း တင်ဆက်လိုက်ပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၁)

## စုံထောက်ဝတ္ထုများ၏ အတ္ထုပ္ပတ္တိ

လူတို့သည် ဗဟုသုတအလို့ငှာဖြစ်စေ၊ အပျင်းပြေရန်ဖြစ်စေ၊ စိတ်ထဲ၌ မရိုးမရွဖြစ်၍ တုန်လှုပ်ချောက်ချားခြင်းကို ရစေရန်ဖြစ်စေ၊ တွေးတောဆင်ခြင်တတ်သည့် ဉာဏ်ကျက်စားရန်ဖြစ်စေ အမျိုးမျိုးသော ဝတ္ထုများကို စီရင်ရေးသားခဲ့ကြသည်ဖြစ်ရာ ၎င်းတို့အနက်၌ စုံထောက်ဝတ္ထုသည်ကား အဆိုပါအခြင်းအရာအားလုံးတို့နှင့် အကျုံးဝင်သည့်အပြင် ဖတ်ရှုသူတို့၏ ချင့်ချိန်နှိုင်းဆ တိုင်းထွာဆင်ခြင်ခြင်းတည်းဟူသော ဉာဏ်ကို အများဆုံး အသုံးပြုရသော ဝတ္ထုမျိုးဖြစ်ချေသည်။ ယင်းသို့ဖြစ်ရကား အလွမ်းအသောတည်းဟူသော အရသာကို သက်သက်စည်းစိမ်ခံစားလို၍

mgyoe.com

mgyoe.com



ညဏ်ဦးနှောက်ကို အသုံးမပြုလိုသော စာဖတ်သူ အတန်းအစားမျိုးသည် စုံထောက်ဝတ္ထုများကို နှစ်သက်မြတ်နိုးခြင်း မရှိတတ်ဘဲဖြစ်ရာ ညဏ်ကျက်စားလိုသော သူတို့အဖို့မှာမူ စုံထောက်ဝတ္ထုများ၏ အနီးသို့ ချဉ်းကပ်နိုင်သည့် အခြားဝတ္ထုမျိုးဟူ၍ မရှိသလောက်ပင် ဖြစ်ချေသည်။

အစိုးရမင်းတို့၏ တရားဥပဒေသည် လွန်မင်းစွာ ကျပ်တည်းခြင်းရှိ၍ တစ်ခုသော ရာဇဝတ်မှု၌ ပုလိပ်အရာရှိများသည် မိမိတို့ သင်္ကာမကင်းသော လူတစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်ပြီးလျှင် အနည်းနည်းအဖုံဖုံ ညှဉ်းပန်းနှိပ်စက်ခြင်းအားဖြင့် တရားခံသည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိခံစားရသော ဝေဒနာကို သည်းမခံနိုင်သည်ဖြစ်သောကြောင့် ဟုတ်ပါသည်ဟူ၍ ဖြောင့်ချက်ပေးရသော ခေတ်အခါမျိုး၌မူ အများပြည်သူတို့သည် အစိုးရ အမှုထမ်းတို့၏ ဘက်၌ မေတ္တာမထားဘဲ တရားခံအပေါ်၌သာလျှင် မေတ္တာသက်ဝင် ကြင်နာသနားခြင်း ရှိတတ်လေသည်။ ထိုသို့သော ခေတ်အခါမျိုး၌မူကား ပြည်သူတို့သည် ပုလိပ်အရာရှိများကို လှည့်စားနိုင်လောက်အောင် ပါးနပ်ကျွမ်းကျင်ခြင်းနှင့် ပြည့်စုံသော ရာဇဝတ်ကောင် တစ်ယောက်ကို ချီးမြှောက်အားပေးခြင်းပြု၍ ပုလိပ်

mgyoe.com

mgyoe.com



အရာရှိများ၏ အကျဉ်းအကျပ်များ၊ အနှပ်ခံရခြင်းများ၊ ဦးနှောက်ရှုပ်ထွေးခြင်းများကို မြိန်ရှက်စွာ အရသာခံယူတတ်ကြလေသည်။ ယင်းသို့သော ခေတ်အခါမျိုး၌မူ ဖတ်ရှုသူတို့အား ကျေနပ်လောက်သော စုံထောက်ဝတ္ထုမျိုးကို တီထွင်ရေးသားရန် များစွာပင် ခဲယဉ်းခြင်းရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် စုံထောက်ဝတ္ထုရေးဆရာ၏ ရည်ရွယ်ချက်မှာ မိမိ၏ဝတ္ထု၌ပါရှိသော စုံထောက်ဝတ္ထုများ၏ စည်းကမ်းအရ "ဓာတ်လိုက်" ကြီးပင် ဖြစ်လေရာ ဖတ်ရှုသူတို့သည် "ဓာတ်လိုက်" ဘက်သို့ မေတ္တာမညွတ်ဘဲ ရာဇဝတ်ကောင်ဘက်သို့ မေတ္တာညွတ်ခဲ့ပါမူ ၎င်းဝတ္ထုသည် ကေန်မုချ "ရှော်" သော ဝတ္ထုတစ်ခုအဖြစ်သို့ ရောက်ချေမည် ဖြစ်လေသည်။

အင်္ဂလန်ပြည်၌မူကား သာမည ပုလိပ်အမှုထမ်းတို့သည်ပင်လျှင် ကြီးစွာသောလခကို ရရှိကြ၍ အချို့မှာ ကောလိပ်ကျောင်းထွက်များပင် ဖြစ်ကြလေရာ အင်္ဂလန်ပြည်ရှိ သာမည ပုလိပ်အမှုထမ်းတို့၏ ဖြောင့်မတ်တည့်မတ်ခြင်းသည်ကား ကမ္ဘာတစ်ဝှမ်းလုံးတွင် ဥဒါန်းတွင်လောက်အောင်ပင် ထင်ရှားကျော်စောခြင်းရှိပါပေသည်။ အခါတစ်ပါး၌ ပုလိပ်မင်းကြီးတစ်ယောက်သည် အကာလ ညတစ်ညတွင် အများ

mgyoe.com

mgyoe.com

ပြည်သူတို့ လေညှင်းခံရေးအတွက် စီမံသီးသန့်၍ ထားသော ဥယျာဉ်ကြီးတစ်ခုအတွင်း ပြည့်တန်ဆာမ တစ်ယောက်နှင့် ပျော်ပါးသမှု ပြုမိသည်ကို ပုလိပ်အမှု ထမ်းတစ်ယောက်က တွေ့မြင်သဖြင့် ဖမ်းဆီးပြီးလျှင် ဌာနသို့ ခေါ်ဆောင်မည်ပြုလေ၏။ ထိုအခါ ပုလိပ် မင်းကြီးက ပထမ၌ မိမိသည် မည်သူမည်ဝါဖြစ်သည် ကို ထုတ်ဖော်ဖွင့်ဟ၍ မပြောဘဲ မိမိနှင့် တရားခံမိန်းမ ကို လွှတ်ပါရန်အကြောင်းနှင့် တောင်းပန်၍ ပါသမျှငွေ ကို လာဘ်ထိုးလေ၏။ သို့ပါသော်လည်း ပုလိပ်အမှု ထမ်းသည် လာဘ်ထိုးသောငွေကို ဂရုမစိုက်ဘဲ တရားခံနှစ်ယောက်တို့အား ဌာနသို့ လိုက်ခဲ့ရန်သာ လျှင် ခေါ်ဆောင်လျက်ရှိ၏။ ထိုအခါ ပုလိပ်မင်းကြီး က မိမိသည် ပုလိပ်မင်းကြီး၏ မိတ်ဆွေကြီး တစ်ယောက်ဖြစ်သဖြင့် မိမိအား လွှတ်ပေးပါလျှင် ပုလိပ်အမှုထမ်းအား ရာထူးတိုးတက် ချီးမြှင့်ပေးစေဖို့ အကြောင်းနှင့် ပုလိပ်မင်းကြီး ပြောပေးပါမည်ဟု ချော့မော့ပြောဆိုပြန်လေရာ ပုလိပ်အမှုထမ်းသည် ရေးနည်းအတူပင် ငြင်းဆန်လျက်ရှိလေ၏။ နောက် ဆုံး၌ ပုလိပ်မင်းကြီးသည် အများပြည်သူတို့၏ရှေ့၌ အရှက်ကွဲရမည်ကို ကြောက်ရွံ့စိုးရိမ်လှသည် ဖြစ်သော ကြောင့် မိမိကိုယ်တိုင် ပုလိပ်မင်းကြီးဖြစ်ကြောင်း၊
mgyoe.com

mgyoe.com



မိမိအား လွှတ်လိုက်ပါလျှင် ၎င်းပုလိပ်အမှုထမ်းအား နေ့ချင်းညချင်း ရာထူးတိုးတက် ချီးမြှင့်ခန့်ထားပါမည် ဟူ၍ တောင်းပန်ပြောဆိုပြန်လေရာ ပုလိပ်အမှုထမ်းက မိမိ၏ အထက်လူကြီးကို ဖမ်းဆီးရခြင်းအတွက် များစွာဝမ်းနည်းလှသည် မှန်သော်လည်း ဝတ္တရားအတိုင်းသာလျှင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ပြောဆိုပြီးလျှင် တရားခံနှစ်ယောက်ကို ဌာနသို့ ခေါ်မြဲတိုင်းပင် ခေါ်သွားလေ၏။ ပုလိပ်မင်းကြီး၏ အမှုကို ရုံးတွင်တင်၍ စစ်ဆေးသောအခါ၌လည်း ၎င်း ပုလိပ်အမှုထမ်းသည် ပုလိပ်မင်းကြီးက မိမိအား လာဘ်ထိုးခြင်းနှင့်တကွ ရာထူးတိုးတက်ခန့်ထားရန် ကတိထားခြင်းများကိုပါ စုံလင်စွာ ထုတ်ဖော်အစစ်ခံခဲ့ဖူးလေသည်။ ကျွန်ုပ်တို့ မြန်မာပြည်ရှိ ထောင်ပေါင်းများစွာသော ပုလိပ်အမှုထမ်းများအနက် ဘယ်နှယောက်မျှသည် ထိုသို့သော အမှုမျိုး၌ ပုလိပ်မင်းကြီးကို မဆိုထားဘိ ရာဇဝတ်အုပ်ကိုပင် ဖမ်းဆီးခြင်း ပြုဝံ့ကြပါမည်နည်း။

သို့ဖြစ်သောကြောင့် အင်္ဂလန် ပြည်သူပြည်သားများသည် ပုလိပ်အမှုထမ်းများကိုပင် ရိုသေလေးစားခြင်း ရှိကြပေသည်မှာ ရှိထိုက်သောအရာပင် ဖြစ်ပါပေသည်။ "စကော့တလင်ယဒ်"ခေါ် အင်္ဂလန်ပြည်၏ အစိုးရစုံထောက် အဖွဲ့ကြီးသည်လည်း ထိုနည်းတူစွာ

mgyoe.com

mgyoe.com



ဖြောင့်မှန်တည့်မတ်ခြင်းတည်းဟူသော ဂုဏ်အခြင်း အရာအားဖြင့် ခက်ခဲနက်နဲသော ရာဇဝတ်မှုများကို ပေါ်ပေါက်အောင် စုံထောက်ခြင်းအရာ၌ာနန္ဒ ကမ္ဘာပေါ်ရှိ အခြားသော တိုင်းပြည်နိုင်ငံများ၏ အတုခိုးနည်းယူခြင်း၊ ချီးမွမ်းထောမနာပြုခြင်းတို့ကို ခံခဲ့ရပေသည်။

ယင်းသို့ဖြစ်ရာ စုံထောက်ဝတ္ထုရေးဆရာသည် "စကော့တလန်ယဒ်" ခေါ် အစိုးရစုံထောက်အဖွဲ့ကြီးမှ တစ်ဦးတစ်ယောက်သော စုံထောက်ကို မိမိ၏ဝတ္ထု၌ "ဇာတ်လိုက်" အဖြစ်နှင့် တီထွင်ရေးသားခဲ့ပါမူ၊ ဝတ္ထုကောင်းခဲ့ပါလျှင် လူကြိုက်များမည်ဟူ၍ ဆိုနိုင်ဖွယ်ရာ ရှိပေသည်။ သို့ရာတွင် အင်္ဂလိပ်စုံထောက် ဝတ္ထုများကို ပထမဦးစွာ စီရင်ရေးသားသူပင် မဟုတ်ငြားသော်လည်း တစ်ကမ္ဘာလုံး၏ အများဆုံးချီးမွမ်းခြင်းကို ခံရသော ဆာအာသာ ကိုနင်ဒွိုင်းလ် အမည်ရှိ စုံထောက်ဝတ္ထုရေးဆရာကြီးသည် "စကော့တလန်ယဒ်" ကိုပင် ကျေနပ်ဟန်လက္ခဏာ မရှိသေးသည် ဖြစ်၍ မိမိစီရင် ရေးသားသော စုံထောက်ဝတ္ထုများ၌ ဇာတ်လိုက်ဖြစ်သော စုံထောက်ကြီး "ရှားလော့ဟုမ်း"ကို "စကော့တလန်ယဒ်" ခေါ် အစိုးရစုံထောက် အဖွဲ့သား တစ်ယောက် မဟုတ်စေဘဲ အစိုးရအမှုထမ်း မဟုတ်

mgyoe.com

mgyoe.com



သည့် ဂုဏ်အသရေရှိ အလွတ်စုံထောက်တစ်ယောက် အနေဖြင့် စီစဉ်ရေးသားခဲ့လေသည်။ စင်စစ်မှာ ၎င်း ဝတ္ထုရေးဆရာကြီးသည် အစိုးရစုံထောက်အဖွဲ့ကို များစွာသော အချက်တို့၌ ကဲ့ရဲ့လှောင်ပြောင်၍ ထို အဖွဲ့ဝင် အရာရှိများ၏ အရာရှိသံပါခြင်းများနှင့် နက်နဲ သင့်သလောက် နက်နဲခြင်းမရှိသည့် အဖြစ်များကို ပြစ်တင်လှောင်ပြောင်သောအနေဖြင့် ရေးသားလေ့ရှိ သည်။

ကျွန်ုပ်သည် ၁၉၁၇ ခုနှစ်၊ ဧပြီလထုတ် သူရိယ မဂ္ဂဇင်းမှစ၍ "စုံထောက် မောင်စံရှား" ဟူသော စုံထောက်ဝတ္ထုများကို စတင်ရေးသားခဲ့ရာ အင်္ဂလိပ် စုံထောက်ကြီး "ရှားလော့ဟုမ်း" ကို စံနမူနာတင်၍ "ရှား" ဟူသော အမည်ချင်းလည်း အဆင်တူစေရန် ကျွန်ုပ်၏စုံထောက်ကို "မောင်စံရှား" ဟူသော အမည် ဖြင့် မှည့်ခေါ်ခြင်းဖြစ်လေသည်။

အင်္ဂလိပ်စုံထောက် ဝတ္ထုရေးဆရာကြီးသည် ကမ္ဘာကျော်အောင် နာမည်ကောင်းသော "စကော့ တလန်ယဒ်" ခေါ် အစိုးရစုံထောက် အဖွဲ့ကြီးကိုပင် မကျေနပ်သေးမူ၍ မိမိ၏ "ဓာတ်လိုက်" စုံထောက်ကြီး ကို အလွတ်စုံထောက်တစ်ယောက် အနေဖြင့် စီစဉ် ရေးသားခဲ့သည်ဖြစ်ရာ။ တရားခံများကို ညှဉ်းပန်းနှိပ်

mgyoe.com

mgyoe.com



စက်၍ စစ်ဆေးတတ်ခြင်း ဟူသောသတင်း မပျောက်ကင်းနိုင်သေးအောင် ရှိနေသဖြင့် ပြည်သူတို့၏ ကြည်ဖြူလေးစားခြင်းကို မခံရသေးသော ပုလိပ်အရာရှိများ ရှိနေသည့် ကျွန်ုပ်တို့ မြန်မာပြည်အတွက်မှာမူ ဇာတ်လိုက်ဖြစ်သော စုံထောက်သည် အစိုးရ စုံထောက်အဖွဲ့သား မဟုတ်စေဖို့ အင်္ဂလန်ပြည်မှာထက် သာ၍ပင် အရေးကြီးလှပေသည်။ ကျွန်ုပ်၏ဇာတ်လိုက် "မောင်စံရှား" သည် အစိုးရ စုံထောက်အဖွဲ့ဝင်တစ်ယောက် ဖြစ်ခဲ့ပါမူ ဖတ်ရှုကြသော ပြည်သူတို့သည် ယခုမျှလောက် ကြိုက်နှစ်သက်ကြခြင်း ရှိကြမည် မဟုတ်ကြောင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ အများပြည်သူတို့သည် ပုလိပ်ဘက် အမှုထမ်းများအပေါ်၌ မုန်းထားစက်ဆုပ်သောစိတ်မှာ တစ်စတစ်စ အတန်ငယ် ဆုတ်ယုတ်လျော့ပါးခဲ့ပြီး ဖြစ်သော်လည်း၊ ကြည်ညိုလေးစားသော အဖြစ်သို့တိုင် ရောက်နိုင်ရန်မှာ ခရီးများစွာကွာဝေးလှပေသေးသည်။ မြန်မာပြည် ပုလိပ်ဘောလုံးအသင်းသည် ဘောလုံးကစားခြင်း၌ စင်စစ် ချီးမွမ်းဖွယ်ရာသော အသင်းတစ်သင်းဖြစ်သည် မှန်သော်ငြားလည်း မည်သည့်အသင်းနှင့်ဖြစ်စေ ယှဉ်ပြိုင်ကစားကြသောအခါတွင် ၎င်းအသင်းကို ၎င်းတို့အချင်းချင်းမှ တစ်ပါး အားပေးသူ နည်းလှခြင်းကို ထောက်သဖြင့်

mgyoe.com

mgyoe.com



အများပြည်သူတို့၏ စိတ်နေသဘောထားကို ထင်ရှားစွာ သိမြင်နိုင်ပေသည်။

စုံထောက်ဝတ္ထု၌ ဇာတ်လိုက်ဖြစ်သော စုံထောက်ကို အစိုးရစုံထောက် အဖွဲ့သားတစ်ယောက် မဟုတ်စေခြင်းအားဖြင့် အခြားသော အကျိုးကျေးဇူးတစ်ခုလည်း ရှိသေး၏။ အချို့သော စုံထောက်ဝတ္ထုများ၌ စုံထောက်သည် နက်နဲခက်ခဲလှစွာသော အမှုကို စေ့စပ်သေချာစွာနှင့် နည်းနာကျကျ စုံထောက်ခဲ့သဖြင့် “လက်သည်” ပေါ်ပေါက်ရာတွင် ၎င်းတရားခံသည် မိမိ၏ အဖြစ်အပျက်ကို စုံထောက်အား အလုံးစုံ ရှင်းလင်းပြောပြသောအခါ၌ အသတ်ခံရသောသူသည် လွန်မင်းစွာ ဆိုးရွားယုတ်မာသဖြင့် မိမိ၏ စနေအင်အားဖြင့်ဖြစ်စေ၊ ကြီးမားသော ကာယဗလအားဖြင့်ဖြစ်စေ၊ ရာထူး၏ အရှိန်ဖြင့်ဖြစ်စေ၊ တရားခံအား အလီလီအလာလာ ကြိမ်ဖန်များစွာ ညှဉ်းပန်းနှိပ်စက်ခြင်း ပြုသောကြောင့် တရားခံသည် မခံမရပ်နိုင်အောင် ဖြစ်ပြီးလျှင် နောက်ဆုံး တစ်နေ့၌ ဒေါသအလျောက် ပြုမိပြုရာ ပြုကျင့်မိခြင်းကိုသော်လည်းကောင်း၊ တရားခံသည် အပြစ်ကျူးလွန်သူပင် ဖြစ်သော်လည်း စင်စစ်အားဖြင့် လူကောင်းတစ်ယောက်ဖြစ်၍ သေသူသည် လူယုတ်မာတစ်ယောက် ဖြစ်နေခြင်းကိုလည်းကောင်း၊ အချို့သော

mgyoe.com

mgyoe.com



လိမ်လည်မှုများ၌လည်း အလိမ်ခံရသူသည် လွန်မင်းစွာကြွယ်ဝ၍ လူလိမ်သည် သားသမီးအမြောက်အများနှင့် အလွန်အမင်း ပင်ပန်းဆင်းရဲသူတစ်ယောက်ဖြစ်နေခြင်းကိုလည်းကောင်း တွေ့ကြုံရတတ်ပေသည်။ ထိုသို့သော အမှုမျိုး၌ စုံထောက်သည် အစိုးရအမှုထမ်းတစ်ယောက် ဖြစ်ခဲ့ပါလျှင် တရားခံအားဝတ္တရားအတိုင်း ဖမ်းဆီး၍ ရုံးသို့တင်ပို့ရမည်သာလျှင်ဖြစ်ချေသည်။ သို့ရာတွင် မောင်စံရှားကဲ့သို့သော အလွတ်စုံထောက်များမှာမူ အကယ်၍ စုံထောက်သည် တစ်စုံတစ်ခုသောအမှုတွင် အစိုးရစုံထောက်များနှင့် ပူးတွဲဆောင်ရွက်ခြင်း မပြုမူ၍ မိမိတစ်ကိုယ်တည်း စုံထောက်ပေါ်ပေါက်ခြင်း ဖြစ်ခဲ့ပါမူ အစိုးရလခစားမဟုတ်သဖြင့် တရားခံအား ဖမ်းဆီးရန် ဝတ္တရားမရှိသည် ဖြစ်သောကြောင့် စင်စစ် ကရုဏာဖြစ်ထိုက်သော တရားခံ တစ်ဦးတစ်ယောက်ကို မဖမ်းဆီးဘဲ လွှတ်ပစ်လိုက လွှတ်ပစ်နိုင်ခွင့် ရှိလေသည်။ ယင်းကဲ့သို့ သနားဖွယ်ကောင်းသော တရားခံကို ဖမ်းဆီးခြင်းမပြုဘဲ လွှတ်ပစ်လိုက်ခြင်းအားဖြင့် ဖတ်ရှုသူတို့သည် ၎င်း "ဓာတ်လိုက်" စုံထောက်အား ရှေးကထက် ပိုမိုချစ်ခင်ကြပြီးလျှင် သာဓု အနုမောဒနာ ခေါ်ကြမည်ဖြစ်ချေသည်။

mgyoe.com

mgyoe.com



ကျွန်ုပ်၏ "စုံထောက် မောင်စံရှား" ထွက်ပေါ်လာသဖြင့် တိုင်းသူပြည်သားများသည် စုံထောက်ဝတ္ထုများကို ကြိုက်နှစ်သက်တတ်ကြောင်း သိရှိကြသောအခါ အခြားသော ဝတ္ထုရေးဆရာများသည်လည်း စုံထောက်ဝတ္ထုများကို မဂ္ဂဇင်းအသီးသီးတို့၌ ရေးသားစ ပြုကြသည်ဖြစ်ရာ ၎င်းတို့၏ စုံထောက်များမှာလည်း မောင်စံရှားကဲ့သို့ပင် အလွတ်စုံထောက်များဖြစ်ကြောင်း တွေ့ရှိရပေသည်။

စုံထောက်မောင်စံရှားမှာ ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်း၏ နမူနာအတိုင်း ရေးသားခြင်းဖြစ်သော်လည်း မြန်မာပြည်မှ ဝတ္ထုဖတ်ရှုသူများမှာ များသောအားဖြင့် ငယ်ရွယ်သူ မိန်းကလေးများနှင့် ဉာဏ်ဦးနှောက်ကို အသုံးပြုလိုသော အလေ့အလာနည်းပါးသည့် ယောက်ျားကလေးများသာလျှင် ပေါများလေရကား အထက်တန်းစား ဝတ္ထုဖတ်သမားများသာလျှင် "လိုက်" လိုကြသည် ဖြစ်သောကြောင့် မြန်မာမောင်စံရှားမှာ အင်္ဂလိပ်မစ္စတာ ရှားလော့ဟုမ်းကဲ့သို့ တွင်ကျယ်သည့်လက္ခဏာ မရှိပေ။ အင်္ဂလိပ်စာရေးဆရာ ပညာရှိကြီးတစ်ဦးက "စုံထောက်ဝတ္ထုများသည်ကား စွမ်းသန်ရင့်ကျက် ဉာဏ်ထက်မြတ်သော ပုဂ္ဂိုလ်များ၏ ဖျော်ဖြေရာ ဖျော်ဖြေကြောင်းဖြစ်သော

mgyoe.com

mgyoe.com



နည်းလမ်းကောင်းပေတည်း" ဟူ၍ ရေးသားဖော်ပြဖူး လေသည်။

သူရိယ၊ အမှတ် ၆ (ဩဂုတ်၊ ၁၉၃၅)

ဝ

mgyoe.com

mgyoe.com

# (၂)
# စုံထောက်၏ အရည်အချင်းများ

အနောက်တိုင်းပြည်များမှ ဝတ္ထုစာရေးဆရာများသည် ဇာတ်လိုက်ဖြစ်သော မိမိတို့၏ စုံထောက်များကို ဦးခေါင်းပြောင်ပြောင်နှင့် မျက်မှန်တပ်လျက် လည်းကောင်း၊ ပုပုဝဝနှင့် မျက်နှာဝိုင်းဝိုင်းသော် လည်းကောင်း၊ အလွန်အမင်း ပိန်ကျုံ့၍ အရိုးများ ငေါ၍ ထွက်မတတ်လည်းကောင်း၊ အရပ်မြင့်မြင့် စူးစိုက်သော မျက်လုံးများနှင့်လည်းကောင်း။ အချို့မှာ လည်း မိမိတို့၏ ဇာတ်လိုက်စုံထောက်ကို အမှု စုံထောက်ရာ၌ ပေါ်လွင်ထင်ရှားခြင်း မရှိစေလိုသည် ဖြစ်၍ အလွန့်အလွန် သာမညဖြစ်သော ရူပကာယမျိုး ဖြင့်လည်းကောင်း၊ အချို့မှာမူ စုံထောက်မှန်းပင် မသိ

mgyoe.com

mgyoe.com


စေလိုသည့် လက္ခဏာနှင့် စုံထောက်ရုပ်လက္ခဏာ မဟုတ်သည့် ပုပုကွကွ ခွကျသော ပုံပန်းသဏ္ဌာန်ဖြင့် လည်းကောင်း အမျိုးမျိုး ရေးသားတတ်ကြလေသည်။

သို့ရာတွင် စုံထောက်တို့မည်သည်မှာ ရံဖန်ရံခါ လူဆိုးများနှင့် ရင်ဆိုင်တွေ့ဆုံ၍ ကာယဗလကို အသုံးပြုရန် လိုတတ်သောသူမျိုးများ ဖြစ်ပေရကား၊ မြင့်မားသော အရပ်အမောင်း၊ ရင့်ကျက်သောဣန္ဒြေ၊ သန်စွမ်းသော ကိုယ်ကာယ၊ ထက်မြတ်သောမျက်လုံး စသည်တို့မှာ မရှိလျှင် မပြီးသလောက်ဖြစ်သော ကိုယ်ကာယအရည်အချင်းများပင် ဖြစ်ချေသည်။ မျက်လုံးပေကလတ်ပေကလတ်နှင့် ကြည့်တတ်သော လူတစ်ယောက်သည် လူဆိုးတစ်ယောက်အား ကျောထဲ၌ စိမ့်သွားအောင် ကြည့်နိုင်သောအစွမ်း ရှိသည်ဟူ၍ လည်းကောင်း၊ ခက်ခဲနက်နဲသော ပြဿနာများကို ထိုးထွင်းဆင်ခြင်နိုင်သော ဉာဏ်ပဋိဘာန်ရှိမည့် ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ မည်သူ တစ်ဦးတစ်ယောက်ကမျှ တွေးထင်မည် မဟုတ်ချေ။ ဓာတ်လိုက်စုံထောက်သည် မည်သို့သော ရုပ်လက္ခဏာ ရှိသည်ဖြစ်စေ၊ ၎င်းကို မြင်ကာမျှနှင့် လူဆိုးတို့၏ ကျောချမ်းဖွယ်ရာနှင့် လူကောင်းတို့၏ အားထားယုံကြည်ဖွယ်ရာဖြစ်သော အင်္ဂါရုပ်များ ပေါ်ထွက်လာအောင် ရေးသားရန်လိုပေ

mgyoe.com

mgyoe.com


သည်။ မိန်းမများအား အလိုသို့လိုက်၍ အကြိုက်ကို ပြောတတ်ခြင်း၊ ကလေးသူငယ်များအား ချော့မြူတတ်ခြင်း စသည်တို့ကိုလည်း ရှိအပ်ပေ၏။ အဘယ်ကြောင့်ဆိုသော် ရံဖန်ရံခါ စုံထောက်သည် မိမိလိုအပ်သော သဲလွန်စနောက်သို့ လိုက်သောအခါတွင် မိန်းကလေးများနှင့် တိုးမိတတ်၍ ကလေးစကား၊ မိန်းမစကားကို မတတ်ခဲ့လျှင် မည်မျှပင် နက်နဲထိုးထွင်းသောဉာဏ်ရှိစေကာမူ၊ မိမိ သိလိုသောအချက်ကို မည်သူတို့ထံမှ ရနိုင်မည်မဟုတ်ချေ။

များစွာသော အနောက်တိုင်း ဝတ္ထုရေးဆရာများသည် မိမိတို့၏ ဇာတ်လိုက်စုံထောက်များကို ခပ်ဆန်းဆန်းဖြစ်သော အလေ့အကျင့်တစ်မျိုးမျိုး ရှိတတ်သည့် အနေဖြင့် ရေးသားတတ်ကြလေသည်။ တစ်ဦးသော နာမည်ကျော် ဇာတ်လိုက်စုံထောက်တစ်ယောက်သည် မိမိ၏အခန်းကို မှောင်ချ၍ ထားမှသာလျှင် စိတ်ကူးဉာဏ်ထွက်ပေါ်၍၊ ညဥ့်အခါများ၌လည်း အရောင်အလင်းထိန်သည့် ဓာတ်မီး၊ ရေနံဆီမှန်အိမ် အစရှိသည်တို့ကို ထွန်းလေ့မရှိဘဲ အမွှေးနံ့ထွက်သည့် ဖယောင်းတိုင်ကလေး နှစ်တိုင်မျှကိုသာလျှင် မှိန်တုပ်တုပ်ရှိအောင် ထွန်းညှိထားတတ်ကြောင်းနှင့်သော်လည်းကောင်း၊ အခြားတစ်ယောက်သည် နေ့အားလပ်

mgyoe.com